
## (၂) ဖိုက်သော်သရာပင်နာကျရောဂါ (Phytophthora blight)

ရောဂါဖြစ်စေသောသက်ရှိ - ***Phytophthora parasitica*** **var.** ***sesami***

ရောဂါလက္ခဏာ

အရွက်နှင့် ပင်စည်ပေါ်တွင် ရေစိုနာ၊ အညိုရောင်ကွက်ပြောက်ကလေးများ စတင်ဖြစ်ပေါ် ပြီး နောက်ပိုင်းတွင် အရွယ် အစားကြီးမားလာကာ အညိုရင့်ရောင်၊ အနက်ရောင်အကွက်များဖြစ်လာပြီးသည်။ အပင်များဝါခြင်း၊ အပင်ခြောက်ပြီး သေခြင်းများ တွေ့ရသည်။ အသီးများတွင်လည်းရောဂါကျရောက်မှုရှိသည်။ စိုစွတ်သောရာသီဥတုတွင် ရောဂါကျနေသောအသီးပေါ်တွင် အဖြူရောင်မှိုမျှင်စုကိုတွေ့ရသည်။ ပြင်းထန်စွာတိုက်ခိုက်ခံ ရပါက အစေ့များသည် တွန့်ရှုံ့နေသည်။ ပင်စည်ပေါ်တွင်ရောဂါကျရောက်ပါက အရွက် များညိုးနေပြီး၊ ပင်စည်လည်းမည်း၍ခြောက်နေသည်ကိုတွေ့နိုင်သည်။




## ကာကွယ်နှိမ်နင်းနည်းများ

- စိုက်ခင်းသန့်ရှင်းရေးကို အထူးဂရုစိုက်ဆောင်ရွက်ပါ။
- နှမ်းသီးနှံကို နှစ်စဉ်ဆက်တိုက်စိုက်ခြင်းကိုရှောင်ပါ။
- ရောဂါကျအခင်းမှ မျိုးစေ့ကို ပြန်မစိုက်ပါနှင့်။ရောဂါကွက်စတင်တွေ့ရှိပါက Azoxystrobin (အဇိုဆီစထရိုဘင်)၊ Cymoxanil (ဆိုင်မောက်စနေးလ်)၊ Dimethomorph (ဒိုင်မီသိုမော့ပ်)၊ Metalaxyl (မီတယ်လဆီ)၊ Fosetyl-AL

(ဖေ့ါစတိုင်အေအယ်လ်) စသောမှုသတ်ဆေးများကို အရွက်ပေါ်နှင့်
ပင်ခြေမြေကြီးထဲသို့ရွှဲရွှဲဖျန်းပေးပါ။